# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဈ-၆(ခ)၊ မှတ်ပုံတင်အရာရှိက စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အကြောင်းကြားစာ

*ပုဒ်မ ၂၆၉ (က) နှင့် (င)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

ရုံးသုံးအတွက်သာ

**ကုမ္ပဏီအမည်**

| |
|---|
| |

**မှတ်ပုံတင်အမှတ်**

| |
|---|
| |

### ၁။ အထွေထွေဖော်ပြချက်

ပုဒ်မ ၂၆၉ (က)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

> “ မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ၄င်းထံသို့ ကုမ္ပဏီတစ်ခုက တင်ပြရန် လိုအပ်သည့် စာရွက်စာတမ်းများကို စိစစ်ပြီးနောက် အဆိုပါစာရွက်စာတမ်းများတွင် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် အချက်အလက်များ ပြည့်စုံမှုရှိစေရန်အလို့ငှာ သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းဖော်ပြချက်များ လိုအပ်နေသည်ဟု ထင်မြင်ယူဆပါက မှတ်ပုံတင်အရာရှိသည် စာဖြင့်ရေးသားထားသော အကြောင်းကြားစာ တစ်ရပ်ကို ထုတ်ပြန်၍ ထိုအကြောင်းကြားစာတွင် သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း ဖော်ပြပါ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းဖော်ပြချက်ကို ကုမ္ပဏီက စာဖြင့်ရေးသား၍ တင်ပြစေရန် တောင်းဆို နိုင်သည်။ ”

ပုဒ်မ ၂၆၉ (င)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

> “ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင်တစ်ဦးဦးက မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားသော ကိစ္စရပ်များ၌ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းကို မြီရှင်များအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သို့မဟုတ် ကုမ္ပဏီနှင့် ဆက်သွယ်လုပ်ကိုင်နေသူများအပေါ် လိမ်လည်တင်ပြမှုများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သို့မဟုတ် လိမ်လည် လှည့်ဖြားလိုသော သဘောဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလာလျှင် မှတ်ပုံတင် အရာရှိသည် စာဖြင့်ရေးသား ထားသော အကြောင်းကြားစာဖြင့် ကုမ္ပဏီသို့ ကြားနာဆောင်ရွက်ရန် အခွင့်အရေး ပေးပြီးနောက် အကြောင်းကြားစာ တွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း အကြောင်းကြားစာတွင် သတ်မှတ်ပါရှိသည့် ကိစ္စရပ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ သို့မဟုတ် ရှင်းလင်းတင်ပြချက်များအတွက် ကုမ္ပဏီအား ခေါ်ယူမေးမြန်း နိုင်သည်။ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် ပုဒ်မ ၂၇၀ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် အဆိုပါအမိန့်နှင့် သက်ဆိုင်စေရ မည်။ မှတ်ပုံတင်အရာရှိသည် စုံစမ်းစစ်ဆေးမှု ပြုပြီးနောက် ဤပုဒ်မခွဲ အရ အရေးယူဆောင်ရွက်ခဲ့သည့် တင်ပြချက် တစ်ရပ်ရပ်သည် အရေးမယူလောက်သော ကိစ္စဖြစ်သည် သို့မဟုတ် အနှောင့်အယှက်ဖြစ်စေသော ကိစ္စဖြစ်သည်ဟု တွေ့ရှိရလျှင် မှတ်ပုံတင်အရာရှိသည် အဆိုပါ သတင်းပေး တင်ပြသူ၏ အချက်အလက်များကို ကုမ္ပဏီသို့ အသိပေးရမည်။ ”

### ၂။ မှတ်ပုံတင်အရာရှိ၏ စုံစမ်းစစ်ဆေးမှုဆိုင်ရာ အချက်အလက်များ

စုံစမ်းစစ်ဆေးမှုကို ရှင်းလင်းသည့် အချက်အလက်များ

| |
|---|
| |